**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**နဝမနေ့ အစီအစဉ်**

**[ ၂၅-၉-၂၀၁၄ ] (ကြာသပတေးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **အာရှလမ်းမကြီး တာကော် တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအိမ်ရာ စီမံကိန်း အကောင်အထည်ဖော်မှု** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ **မော်လမြိုင်မြို့ ဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်စက် တပ်ဆင်ပြီး ကင်ဆာဝေဒနာရှင်များအား ကုသပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **ခန္တီးရတနာမြေ သတ်မှတ်ရာတွင် ကျေးရွာပေါင်း (၂၀)၊ အိမ်ခြေပေါင်း(၃၅၀၀)ကျော် ပါဝင်၍ စိုက်ပျိုးမြေဖော်ထုတ်ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရပါ သဖြင့် ချင်းတွင်းမြစ်မှ (၅/၀)မိုင် အကွာမှ စတင်သတ်မှတ်ရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဗိုလ်ကြီး တင်လင်း၊ တပ်မတော်သားကိုယ်စားလှယ်၏ **နိုင်ငံ့ဝန်ထမ်း များ၏ လူနေမှုဘဝ မြှင့်တင်ပေးခြင်းကို မည်ကဲ့သို့ အစီအမံများ ရေးဆွဲဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **“ The Myanmar Official Secrets Act (မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေ)ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်း၊ ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“ ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။